## ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၇/၈၈ )

၁၃၅၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

( ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် )

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေပုဒ်မ ၇ ပုဒ်ခွဲ (၄)ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည် -

"(၄) ကြက်ခြေနီဗဟိုကောင်စီတစ်ခု ဖွဲ့စည်းရမည်။ ယင်းကောင်စီသည် အသင်း၏ အုပ်ချုပ်ရေးအဖွဲ့လည်းဖြစ်ရမည်။ ထိုကောင်စီတွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်စေရမည် -

(က) အသင်း၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံမှ ရွေးချယ်တင်မြှောက်သည့် ပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်တစ်ဦးစီ၊ ပေါင်း တစ်ဆယ့်လေးဦး၊

(ခ) ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန၊

(ဂ) ညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊

(ဃ) ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန၊

(င) ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန၊

(စ) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန၊

(ဆ) ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆိပ်ကမ်းကော်ပိုရေးရှင်း

(ဇ) ဆေးဝါးနှင့်ထမ်းညွှန်ကြားရေးမှူး၊ ကာကွယ်ရေးဝန်ကြီးဌာန၊

(ဈ) အစိုးရက အခါအားလျော်စွာခန့်ထားသည့် တစ်ဆယ်ဦးထက်မပိုသော ပုဂ္ဂိုလ်များ၊

(ည) ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦး၊

(ဋ) တရားသူကြီးချုပ်က ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦး၊

(ဌ) ရှေ့နေချုပ်က ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦး၊

(ဍ) စာရင်းစစ်ချုပ်က ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦး၊

(ဎ) မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦး၊

(ဏ) လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု)၊ ကျန်းမာရေးဦးစီးဌာန။”